



# သိုး

## လွင်ပြင်တစ်ဝက် ကန္တာရတစ်ဖက်

# အခန်း (၁)

လောကကြီးကို ရွံမုန်းတယ်...။

သဲသောင်ပြင်မှာ ရေးထားသော စာလုံးဝိုင်းစက်စက်လေးတွေ ကို မြင်လိုက်ရတော့ သူ့ခြေလှမ်းတွေ တွန့်ခနဲ ဖြစ်သွားခဲ့သည်။

သဲသောင်ပေါ်မှာ လက်ညှိုးလေးနှင့် ထောက်ကာ ရေးထား သော စာကြောင်းလေးက ရေးသူရဲ့စိတ်ကို လှစ်ဟပြနေသလိုပါပဲ။

စာကြောင်းလေးကိုဖတ်ကြည့်ပြီး သူ ပြုံးမိပေမယ့် သူ့အပြုံး တွေက ပီပီပြင်ပြင် မဟုတ်တာကိုတော့ သူကိုယ်တိုင်ပဲ အသိဆုံး။

''ဟင်''

ငုံ့ထားသော မျက်ဝန်းတွေရှေ့ကို ပြန်အပို့မှာပဲ နောက်ထပ် မြင်လိုက်ရပြန်တာက သောင်ပြင်ပေါ်မှ စာတန်းလေးပဲ ဖြစ်နေပြန်၏။

အချစ်ဆိုတာ ဘာလဲ။ အလိမ်အညာ မုသားတွေပဲ။

ဒီတစ်ခါတော့ ခေါင်းကို တဆတ်ဆတ်ညိတ်ကာ သူ နှစ်နှစ် ခြိုက်ခြိုက် ပြုံးမိသည်။ အင်း ဒီတစ်ယောက်တော့ အသည်းကွဲနေသော အသည်းကွဲသမားတစ်ယောက် ထင်သည်။

နည်းနည်းတော့ ရယ်စရာအကောင်းသား။ အသည်းကွဲပြီး လောကကြီးကို ရွံမုန်းနေတဲ့သူလည်း ဒီချောင်းသာကမ်းခြေမှာ ရှိနေသည် တဲ့လား။

သူ့မျက်ဝန်းတွေရှေ့သောင်ပြင်မှာ ဆက်ရှာဖွေကြည့်တော့ နောက်ထပ် ရင်ဖွင့်ထားသော စာတန်းလေးတွေ ထပ်မတွေ့ရတော့ပါ။ သောင်ပြင်မှာတော့ ခြေရာလေးတွေ အထင်အရှားရှိနေသည်။

ထိုခြေရာတွေရဲ့ ဦးတည်ရာက ကျောက်ဆောင်တန်းတွေဘက်

ဦးတည်သွားတာကို သူ တွေ့လိုက်ရသည်။

ဘာရယ်မဟုတ် အသည်းကွဲပြီး လောကကြီးကို ရှုံ့မုန်းနေသော ပုဂ္ဂိုလ်ကိုတော့ သူ မြင်တွေ့ချင်မိသည်။ သူ့ခြေလှမ်းတွေက ကျောက် ဆောင်တွေကြားထဲ ဦးတည်သွားသော ခြေရာတွေနောက်ကို လျှောက် လိုက်ခဲ့မိ၏။

တကယ်ဆို 'ဘုန်းခက်ရာ' ဆိုတဲ့ သူလိုကောင်ထက် လောက ကြီးကို စိတ်ဓာတ်ကျ ကြေကွဲစရာကောင်းဦးမတဲ့လား။

တွေးရင်း ကျောက်ဆောင်တန်းလေး အလွန်ကိုရောက်တော့ မြင်လိုက်ရသည့် မြင်ကွင်းကြောင့် သူ့မျက်ခုံးတွေ ပင့်တက်သွားသည်။

အဝါနုနု ဘလောက်စ်အကျႌပါးပါးပွပွလေးနှင့် ပိတောက် ခြောက်ရောင် လုံချည်လေးကို ဝတ်ဆင်ထားသော မိန်းကလေးတစ် ယောက်။ ကျောပေးထားတာမို့ မျက်နှာကို မမြင်တွေ့ရဘဲ နီညိုရောင် ဆံနွယ်တွေ ကျောလယ်လောက်အထိ ဖားလျားချထားတာကိုပဲ တွေ့ရ၏။

သောင်စပ်မှာ ချွတ်ထားသော အနက်ရောင်ကတ္တီပါဖိနပ်ပါး လေးက ရှိနေသည်။ မိန်းကလေး ခြေလှမ်းတွေက တစ်လှမ်းချင်း ရွှေ့ လှမ်းနေသည်။ သူမရှေ့မှာတော့ လှိုင်းသော့သော့လေးတွေနှင့် လှပသော ပင်လယ်ပြင်ကြီးပဲ ရှိ၏။

သူမရဲ့လှပကျော့ရှင်းသော ခန္ဓာကိုယ်နှင့် ညနေဆည်းဆာ ပင်လယ်ကြီးရဲ့အလှက ငေးမောကြည့်ချင်စရာကောင်းအောင် ရှိသည်။ ဒါပေမဲ့ သူ့ရင်ထဲမှာ ထိတ်ခနဲ စိုးရိမ်သွားမိသည်။

ဒီမိန်းကလေး ပုံမှန်မှ ဟုတ်ပါရဲ့လား။

ကြည့်နေတုန်းမှာ သူမ ခြေသလုံးတစ်ဝက်ခန့်အထိ မြုပ်သော ပင်လယ်သောင်စပ်ကို ရောက်နေခဲ့ပြီ။

ဒီလိုအချိန် ဒီလိုပုံစံနှင့် ပင်လယ်ရေစိမ်တာတော့ ဘယ်လိုမှ

မပဟုတ်နိုင်တာ သေချာ၏။ ပြီးတော့ သူမရဲ့အမူအရာတွေက အိပ်မက် ထဲမှာ လမ်းလျှောက်နေသူလို သတိကင်းလွတ်နေပုံမျိုး။

သူ ဘာကိုမှ စဉ်းစားမနေတော့ဘဲ မိန်းမပျိုဆီကို ခပ်သွက် သွက်ကလေး ပြေးလျှောက်ခဲ့သည်။

''ဟေ့ ဟေ့ မင်း ဘာလုပ်နေတာလဲ''

မေးရင်း သူ့လက်ကလည်း မိန်းကလေးရဲ့လက်မောင်းကို လှမ်း ဆွဲထားပြီး ဖြစ်နေသည်။

ဖျတ်ခနဲ လှည့်ကြည့်သော မျက်နှာလေးက နုညက်ရှင်းသန့် လွန်းသည်မို့ သူ တဒင်္ဂတော့ ငေးမောကြည့်မိသွားတဲ့အထိပါပဲ။

''ကျွန်မလက်ကို လွှတ်ပါ''

ပြောရင်း ဆတ်ခနဲ ရုန်းနေတာကို သူ မလွှတ်ပေးဘဲ ခပ်တင်း တင်းလေး ဆုပ်ကိုင်ထားလိုက်ရင်း

''ဟေ့ မင်း ဦးနှောက်မှ ကောင်းသေးရဲ့လားဟင်၊ ရေနစ်သေ သွားမှာပေါ့ကွ''

ကရုဏာဒေါသလေးနှင့် သူ ခပ်မာမာပြောလိုက်တော့ သူမ မျက်ဝန်းထဲမှာ မျက်ရည်လေးတွေ ချက်ချင်းဝဲတက်လာရင်း

''နစ်သွားစမ်းပါစေ ကျွန်မ အရမ်းစိတ်ညစ်ပြီး လောကကြီးထဲ မှာ ကျွန်မဆက်ရှင်သန်နေရတာ အဓိပ္ပာယ် မရှိဘူး''

''ဒါဆို အခု မင်းလုပ်ရပ်ကကော အဓိပ္ပာယ်ရှိသလား''

''အဲဒါတွေ ကျွန်မ ဘာမှမတွေးချင်ဘူး၊ ကျွန်မ စိတ်ညစ်နေ တာပဲ သိတယ် လွှတ်ပါရှင်''

တကယ့်ကို ထင်ရာစိုင်းပစ်မည့်အသွင်မို့ သူ ဆုပ်ကိုင်ထားသော လက်ကို မလွှတ်ပစ်ရဲဘဲ ပိုပြီး တင်းတင်းဆုပ်ကိုင်လိုက်တော့ သူမ မျက်နှာလေး မဲ့သွား၏။

''လွှတ်ပါ ကျွန်မ အသားနာနေပြီ''

''ရေထဲတောင်ဆင်းပြီးသေမယ့်သူပဲကွာ၊ အသက်ရှူကြပ် အဆုတ်က သွေးတွေယို၊ သေကြေမှာတောင် မင်း မကြောက်ခဲ့တာပဲ၊ မင်းသေသွားရင်တောင် ငါးတွေ ငါးမန်းတွေက မင်းအသားကို ဝိုင်းတွယ် ကြမှာ''

သူ တမင် အမြင်ကပ်ကပ်နှင့်ပြောတော့ သူမ မျက်နှာလေး သွေးဆုပ်ဖြူလျော်သွားတာ အထင်အရှား။ ရေနစ်အသေခံမည့်သူက ဒါလေးပြောတာနှင့်တောင် သွေးပျက်နေတာ မဟုတ်သေးပါ။

''ကဲ မင်း ငါပြောတာမယုံရင် ပင်လယ်ထဲ ဆင်းတော့ ရပြီ''

ပြောပြီး ဆွဲထားသော လက်မောင်းကို လွှတ်ပေးလိုက်တော့ မိန်းကလေးတွန့်ခနဲဖြစ်ကာ ပင်လယ်ပြင်ဘက် တစ်ချက်လှည့်သည်။

ရေလှိုင်းဖွေးဖွေးတွေက သူမဆီကျိုးစယ်ပြေးလာတာ မြင်သည် နှင့် သုတ်ခနဲ သောင်စပ်ကို အပြေးတက်တော့၏။

သူ ရယ်ချင်စိတ်ကို မျိုသိပ်ရင်း သောင်ပြင်ပေါ် ပြန်လျှောက် ခဲ့သည်။ သင်းကလေးကို လိုက်ခေါ်ရတာနဲ့ သူ့ဘောင်းဘီရှည်အောက် ပိုင်းတစ်ခုလုံး ပင်လယ်ရေတွေ ရွှဲရွှဲစိုနေပြီ။

''ဆရာ ဆရာ ရှာလိုက်ရတာ ဆရာရယ်''

အော်ခေါ်သံနှင့်အတူ သောင်ပြင်အတိုင်း သူ့ဆီ ဦးတည်ပြေး လာသော မောင်စိုးကို လှမ်းမြင်သည်။

''ဟာ ဆရာရယ် ကျွန်တော့်မှာ ရှာလိုက်ရတာ၊ သောင်ပြင်နှံ့ နေပြီ၊ ကိုယ့်ဆရာ စိတ်ညစ်ညစ်နဲ့ ပင်လယ်ရေထဲ ခုန်ချသွားပြီလားလို့ တွေးပြီး ရင်ထဲမှာ

မီးတွေတောက်နေတာ ဆရာရဲ့''

မောင်စိုး သူ့အနားရပ်ရင်း ရယ်မောသလိုလေး ပြောတော့ သူ မောင်စိုးကို ခပ်တည်တည်ပြန်ကြည့်ရင်း

''အဓိပ္ပာယ်မရှိတာကွာ စိတ်ညစ်တိုင်း ကိုယ့်ကိုယ်ကိုယ် သတ်သေရအောင် ငါ မိုက်တွင်းမနက်ဘူးကွ၊ အသက်ရှင်နေသမျှကာလပတ် လုံး ဘာမဆို အောင်မြင်အောင် လုပ်လို့ရတယ်ကွ၊ ဘဝကို အရှုံးပေး ရမှာလား၊ ကိုယ့်ကိုယ်ကိုယ် သတ်သေရင် ဖန်ငါးရာငါးကမ္ဘာတောင် ပြန်ခံရမှာကွ၊ မတွေးရဲစရာကြီး''

သူ့စကားတွေက သူမကိုပဲ တမင်ရည်ရွယ်ပြောနေခဲ့တာ အသိ သာကြီးပဲ ဖြစ်သည်။ ဒါကို သူမကလည်း ကောင်းကောင်းကြီးရိပ်မိကာ မျက်စောင်းလေးတစ်ချက် ပစ်သွင်းရင်း

''ဟွန်း ဘယ်လိုလူမှန်းမသိဘူး တရားဟောဆရာနဲ့မှ လာတိုး နေတယ်''

ပြောပြီး သောင်ပြင်မှာ ချွတ်ထားသော ဖိနပ်လေးကို ကောက် ယူကာ ဘုဆတ်ဆတ်လေး ကျောခိုင်းထွက်သွားခဲ့၏။

သူ သဘောကျစွာ ပြုံးရင်း ကောင်မလေးကို ငေးကြည့်မိ၏။ သလုံးသားဝင်းဝင်းလေးတွေပေါ်အောင် လုံချည်လေးမကာ လျှောက်သွား ပုံက ချစ်စရာလေးပါပဲ။

''ဆရာ ဘယ်သူလေးလဲ''

''ဘယ်သိမလဲကွ''

''ဟင် ကျွန်တော်လာကတည်းက ဆရာ့အနားမှာ ရှိနေတာကို ချောတာတော့ တော်တော်ချောတယ်နော်''

မောင်စိုးပြောရင်း မှတ်ချက်ပြုသည်။

သူ ဘာမှမပြောမိပေမယ့် မောင်စိုးစကားကိုတော့ မငြင်းပယ် မိတာ

အမှန်ပဲဖြစ်သည်။

မျက်ခုံးစိမ်းစိမ်းလေးတွေက မျက်တောင်ကော့ကော့ကြီးတွေ အုပ်မိုးနေသော မျက်ဝန်းလေးတွေနှင့် လိုက်ဖက်သည်။ နှာတံလေးက စင်းပြီးပေါ်လွင်ကာ နှုတ်ခမ်းလေးတွေက နုဂိုစိုလဲ့နီမြန်း၏။

ဘာမှအခြယ်အသမရှိသော မျက်နှာလေးက အစက်အပြောက်ကင်းစင်ပြီး နုညက်ချောမောတာ သွေးကြောစိမ်းမြလေးတွေနှင့် ပန်းရောင်သမ်းနေခဲ့၏။

''ဆရာ အခုမှ ဇာတ်လမ်းနိဒါန်းလား''

မောင်စိုးက သိချင်စိတ်နှင့် ထပ်မေးနေတော့ သူ မျက်မှောင်ကြီးကုပ်ကာ တည်တည်ကြီး ပြန်ကြည့်ပစ်ရင်း

''ဟေ့ကောင် ငါနဲ့ဘာမှမဆိုင်ဘူး၊ ကဲ မင်းကို ကြီးကြီးဆွေက ဘာမှာလိုက်တာလဲ''

''အာ ဆရာပြောမှ သတိရတယ်၊ ဆရာ့ကို ရှာခိုင်းလိုက်တာ သောင်ပြင်နှံ့နေပြီ၊ အခုလောက်ဆို ကြီးကြီး မျှော်နေလောက်ပြီ''

''အေး ဒါဆို ငါတို့သွားကြရအောင်၊ မင်းအချိန်ဖြုန်းနေတာနဲ့ ကြီးကြီးဆွေ ဒေါကန်နေမယ်''

ကြီးကြီးဆွေနဲ့ခြောက်လိုက်ရုံနှင့် မောင်စိုး နှုတ်ပိတ်သွားခဲ့ ကာ ဘာမှဆက်မမေးတော့ဘဲ သူ့နောက်ကို ပါလာတော့သည်။

*

''ဟော သား ပြန်လာပြီလား''

''ဟုတ်ကဲ့ ကြီးကြီးဆွေ၊ သောင်စပ်ဘက် လမ်းလျှောက်ထွက် တာပါ''

သူ့မျက်နှာကိုမြင်လိုက်တော့ ကြီးကြီးဆွေ မျက်နှာမှာ စိုးရိမ် ရိပ်တွေ ကွယ်ပျောက်သွားခဲ့ကာ ကရုဏာရိပ်တွေ ထင်လာသည်။

''သား ထမင်းစားတော့မယ် မဟုတ်လား''

''ဟင့်အင်း မစားချင်သေးဘူး ကြီးဆွေ၊ သားရင်ပြည့်နေလို့ပါ''

သူ ပြောတော့ ကြီးဆွေ မျက်နှာညိုသွားသည်။ သူ့ကို အရိပ် လို ဂရုစိုက်တတ်သော ကြီးဆွေရဲ့သံယောဇဉ်ကို သူ နားလည်ပါသည်။

''သားရယ် ဒီအချိန်မှ မစားရင် ဘယ်အချိန်စားမှာလဲ၊ အခုပဲ မိုးချုပ်တော့မှာကို''

''တကယ် မဆာသေးလို့ပါ ကြီးဆွေရဲ့၊ ခဏနေရင် စားမှာပါ''

ကြီးဆွေသာ မဟုတ်လျှင် သူ ဒေါသသံနှင့် ပြန်အော်မိမှာ သေချာသည်။ ကိုယ့်ရဲ့ဝေဒနာကြီးကြောင့် သူ အော်ငေါက်သမျှကို မခံ ရဖူးသူ မရှိသလောက်ပါ။ ဒါပေမဲ့ ကြာတော့လည်း သူ့ဒေါသတွေကို တတ်နိုင်သလောက် မျိုသိပ်တတ်ခဲ့ပြီ။

''သား ဆေးသောက်ရဦးမှာနော်''

ခေါင်းတစ်ချက်ညိတ်ပြရင်း ဧည့်ခန်းက ဆိုဖာထိုင်ခုံမှာ သူ ဝင်ထိုင်လိုက်တော့ ကြီးဆွေ သူ့အနားမှာ ဝင်ထိုင်ရင်း

''သား''

''ပြောလေ ကြီးဆွေ''

''ဟိုတစ်ကောင် ဘယ်မှာကျန်ရစ်ခဲ့ပြန်ပြီလဲ''

''အောင်မလေး ကြီးကြီးရာ၊ ကျွန်တော်ပါ ပါတယ်၊ ကျွန်တော့် ကိုတော့ ဟိုတစ်ကောင်တဲ့၊ ဆရာ့ကိုကျတော့ သား သားနဲ့ ပါးစပ်ကကို မချဘူး''

မောင်စိုး နောက်သလို အတည်လိုလိုပြောရင်း ဘုန်းခက်ရာ အနား ဝင်ထိုင်၏။ ပြီးတော့ စားပွဲပေါ်က ယပ်တောင်ကို ကောက်ယူ ကာ ဘုန်းခက်ရာကို ခပ်ပေးနေပြန်တော့

''ဟဲ့ ဟဲ့ ဘာလို့ခပ်နေတာလဲ၊ သား အအေးပတ်မှာပေ့ါ၊ ယပ်မခပ်နဲ့လေ''

ဒေါ်ဆွေဆွေသက် ပျာပျာသလဲ တားမြစ်တော့ မောင်စိုး မျက်နှာ တစ်ချက်မဲ့ကာ ယပ်တောင်ကို စားပွဲပေါ် ပြန်ချလိုက်၏။

''ဆရာတို့ဘဝများ အမြဲတမ်း နွေးထွေးနေတာပဲနော်၊ ကျွန် တော်တောင် အားကျတယ်၊ ကျွန်တော့်ဘဝနဲ့တခြားစီပဲဗျာ''

မောင်စိုး ပြောတော့ သူ ငုံ့ကြည့်မိသည်။ ဒီချောင်းသာ ကမ်း ခြေမှာရှိသည့် ကြီးကြီးဆွေ ပိုင်ဆိုင်သော အိမ်ကြီးမှာ အိမ်စောင့်အဖြစ် နေနေရသော မောင်စိုးဘဝက တော်တော်တော့ ပျင်းရိစရာကောင်းမှာ သေချာ၏။

''ဆရာ စဉ်းစားကြည့်ပါ၊ တစ်နေ့ တစ်နေ့ ခြံထဲမှာပဲ အချိန် ကုန် ဘာမှလုပ်စရာမရှိဘဲ နေနေရတဲ့ဘဝကြီးက ပျင်းစရာကောင်းတာ''

''ဟဲ့ မောင်ဘပုတို့ လင်မယား ရှိတာပဲ''

''အာ ကြီးကြီးကလည်း ဦးဘပုတို့လင်မယားက ကိုယ်နဲ့ရွယ်တူ မှ မဟုတ်တာ၊ ဘယ်လိုအဖော်ရမှာလဲ၊ သူတို့ကတော့ အသားကျနေတတ် တာပေ့ါဗျာ''

ကြီးကြီးဆွေ စကားကို မောင်စိုး ပြန်ဖြေရှင်းချက်ပေးနေတော့ လည်း ဟုတ်တုတ်တုတ်ပါပဲ။ မောင်စိုးခမြာ ဖခင်ဆုံးပါးပြီးကတည်းက ကြီးဆွေက စောင့်ရှောက်ကူညီသည့်သဘောနှင့် ဒီမှာပို့ထားတာ ဖြစ်သည်။

မောင်စိုး ဖခင် ဦးစိုးလှိုင်က ကြီးဆွေရဲ့ စီးပွားရေးကိစ္စတွေ မှာ အားကိုးရအောင် တာဝန်ကြေခဲ့သူတစ်ယောက်။

''ကဲ မောင်စိုး မင်း ဒီမှာ မနေချင်ရင် ငါနဲ့လိုက်ခဲ့မလား''

''ဗျာ ဆရာတကယ်ပြောတာလား''

''တကယ်ပြောတာပေါ့ကွ၊ မင်းလိုက်မယ်ဆိုရင် ငါ ခေါ်သွား မယ်''

မောင်စိုး ကြီးကြီးဆွေကို ခွင့်တောင်းသလို လှမ်းကြည့်သည်။ ကြီးဆွေကတော့ သူ့ကိုပဲကြည့်နေရင်းက

''သားက မောင်စိုးကို ရန်ကုန်ခေါ်သွားမလို့လား''

''ဟုတ်ကဲ့ ကြီးဆွေ သူ လိုက်ချင်တဲ့ ဆန္ဒရှိရင် ခေါ်သွားပါ့မယ်''

''ဟာ လိုက်ချင်တာပေါ့ ဆရာရယ်၊ စိတ်ချ ဆရာ ခိုင်းချင်တာ ခိုင်း၊ ကျွန်တော် တာဝန်ကျေစေရပါ့မယ်''

မောင်စိုး တက်ကြွနေတော့ ကြီးဆွေ ခေါင်းညိတ်သည်။ သူ ခေါ်မည်ဆိုလျှင် ကြီးဆွေ ဘာမှမထည့်စရာတော့ မရှိပါ။

ဒီအိမ်မှာ ခြံစောင့်နှင့်လိုအပ်သော အလုပ်ကိစ္စမှန်သမျှအတွက် အလုပ်သမားအပြည့်အစုံ ရှိသည်။ ပြီးတော့ ချောင်းသာကမ်းခြေက ကြီးဆွေရဲ့ဟိုတယ်မှာလည်း မောင်စိုးက လုပ်တာမဟုတ်တော့ လူပို သက်သက်ဖြစ်နေ၏။

''ကဲ နင် လိုက်ချင်ရင်လည်း လိုက်သွား၊ ဟိုမှာ ပျော်သလောက် နေ၊ အေးနေတဲ့အချိန်မှာလည်း သားအတွက် လိုအပ်တာကို နင် ကူညီ လုပ်ပေးနော်''

''ဟာ စိတ်ချ ကြီးကြီး၊ ဆရာ့ကို ကျွန်တော် အရိပ်လို အနီး ကပ်ပြုစုစောင့်ရှောက်မှာပါ''

တက်ကြွစွာဆိုနေသည့် မောင်စိုးဆန္ဒကို ကြီးဆွေ မငြင်းတော့ ဘဲ ခွင့်ပြုခေါင်းညိတ်ရင်း

''ကဲ အခုကစပြီး သားကိစ္စတွေကို နင် တာဝန်ယူ၊ ခဏနေရင် သားကို ထမင်းခူးကျွေး၊ ပြီးရင် သောက်ရမယ့် ဆေးတွေတိုက် ဟုတ် လား''

''ဟုတ်ကဲ့ ကြီးကြီး ဟုတ်ကဲ့ပါ''

မောင်စိုး ခေါင်းညိတ်ကာ ကျေနပ်အပြုံးနှင့် ပြောသည်။ ရန်ကုန်ကို လိုက်ရမည်ဆိုတော့ မောင်စိုး ပျော်နေသည်။

လူတစ်ယောက်ရဲ့စိတ်ဆန္ဒ ပြည့်ဝချမ်းသာသွားတာ မြင်တော့ သူလည်း ဝမ်းသာကြည်နူးမိသည်။ ဒီနေ့လေးမှာပဲ သူ ကောင်းမှုတွေ အကြိမ်ကြိမ်ပြုဖြစ်နေခဲ့သည်။

မနက်က ကမ်းခြေဘက်မှာ ကလေးတွေကို သူ မုန့်တွေ ဝယ်ကျွေးဖြစ်သည်။ အခုညနေမှာ ပင်လယ်ထဲဆင်းကာ သေချင်သည်ဆိုသော မိန်းကလေးတစ်ယောက်အသက်ကို ကယ်တင်ခဲ့၏။

အခု မောင်စိုးရဲ့ဆန္ဒလေးကို သူ ဖြည့်စွမ်းပေးနိုင်ခဲ့ပြန်သည်။

လူ့ဘဝဆိုတာ တခဏလေးတဲ့။ သူ့ဘဝ ရှင်သန်မှုက ထို တခဏလေးရဲ့ နှစ်ပုံပုံ တစ်ပုံတောင် ရှင်သန်နိုင်မည်လား။

ပြန်တွေးမိတော့ ရင်ထဲမှာ ဝမ်းနည်းစိတ်တွေနှင့် စိတ်ဓာတ်က ကျချင်ချင်။ ဒါပေမဲ့လည်း

ကံကြမ္မာက ပေးလာသည့် အခြေအနေကို ရင်ဆိုင်ဖို့ သူ ရင့်ကျက်နေပြီဟု ထင်ပါသည်။

*

# အခန်း (၂)

''မဟုတ်သေးပါဘူး မေ့ရယ်၊ မေ့အသက်က ငယ်ငယ်လေးပဲ ရှိပါသေးတယ်၊ ဒီအသက်အရွယ်လေးနဲ့ လူ့ဘဝကြီးကို စိတ်ကုန်နေတာ ဘယ်လိုမှ သဘာဝမကျပါဘူး''

စုဝေ ဝေဖန်စကားဆိုတော့ မေ့မရ ယဲ့ယဲ့လေးပဲ ပြုံးမိသည်။ လှီးထားပြီးသော သံပုရာသီးခြမ်းကိုယူကာ ဖန်ခွက်ထဲကို ညှစ်ထည့် သည်။ ပြီးတော့ သကြားတစ်ဇွန်း ခပ်ထည့်ကာ ဇွန်းလေးနှင့် မွှေလိုက်၏။

''ငါ့ဘက်က နေကြည့်မှ နင် စာနာတတ်လိမ့်မယ် စုဝေရယ်၊ ငါ ဘယ်လောက်အထိ စိတ်ညစ်နေရတယ်ဆိုတာ နင်မှမသိတာ၊ ငါ့ဘဝ မှာ မိသားစုဆိုတာလည်း မရှိတော့ဘူး၊ တွယ်တာစရာ သံယောဇဉ်ဆို တာလည်း ဘာမှမရှိတော့ဘူး၊ အားလုံးကို ဆုံးရှုံးခဲ့ရတာ''

''မေ့ရယ် ဒါက နင် ရင်ဆိုင်ကြုံတွေ့နေရတဲ့ အခိုက်အတန့် လေးမို့ပါ၊ ကြာရင် သူ့ဘာသာ နေပျော်သွားမှာပါ''

စုဝေ စကားကို နားထောင်နေရင်း ဖျော်ပြီးသော သံပုရာရည် ကို ဇွန်းလေးနှင့်ခပ်ကာ မြည်းကြည့်သည်။

အချဉ်ဓာတ်ကဲသော အရသာနှင့် ခါးသက်သက် အရသာက လျှာဖျားပေါ် စွဲသွားသည်။ အချိုမကြိုက်သော သူမအတွက်တော့ ဒီ အရသာကိုပဲ နှစ်သက်နေတော့လည်း

''သူ့ဘာသာ နေပျော်သွားဖို့ဆိုတာ မလွယ်ပါဘူး စုဝေရယ်''

သံပုရာရည်ကို အရသာခံသောက်ရင်းပြောနေသော မေ့မရကို စုဝေ ခေါင်းလေး ခါကြည့်ရင်း

''နေလို့ မပျော်သေးတာ နင့်ဒဏ်ရာတွေ မရင့်ကျက်သေးလို့ပါ

ဟိုဟာဒီဟာတွေတော့ လျှောက်မလုပ်ပါနဲ့ သူငယ်ချင်းရယ်၊ နင့်ကို ငါ စိုးရိမ်လို့ပါ''

မေ့အတွက် စိုးရိမ်သံလေးနှင့်ဆိုသော စုဝေ စေတနာကို နားလည်မိပါသည်။ တကယ်ဆို ငယ်ပေါင်းကြီးဖော်တွေ မဟုတ်သည့်တိုင် စုဝေသည် တက္ကသိုလ် ပထမနှစ်မှ နောက်ဆုံးနှစ်ထိအတိုင် ကျွမ်းဝင် ခင်မင်ခဲ့သူဖြစ်သည်။

အခင်မင်ဆုံး သူငယ်ချင်းတွေဖြစ်ခဲ့သလို အဆောင်မှာနေကျောင်းတက်သော စုဝေအပေါ်မှာလည်း မေ့မရက လိုအပ်တာမှန်သမျှ ထောက်ပံ့ကူညီပေးခဲ့သည်။ သွေးရင်းချာမဟုတ်ပေမယ့် ညီမရင်းချာလို ချစ်ခဲ့ကြ၏။

ဒါကြောင့်လည်း အခု မေ့မရစိတ်တွေ လေလွင့်နေချိန်မှာ မေ့မရရဲ့အိမ်လေးကို ရောက်ခဲ့တာဖြစ်သည်။

''ဟိုတစ်နေ့က နင် ရေတွေစိုရွှဲပြီး ပြန်လာတာ ငါ စိုးရိမ်တယ်''

မနေ့က မေ့မရ ထဘီတွေ ရေစိုပြန်လာတာကို သံသယနှင့် စုဝေ မေးနေပြန်သည်။ ကမ်းစပ်ဆင်းကြည့်တာပါဟုပဲ ညာထားခဲ့မိ၏။

တကယ်ဆို မေ့ ဘာလုပ်ခဲ့တာလဲဆိုတာ ကိုယ်တိုင်ပဲ သိသည်။ ထိုနေ့က ကမ်းစပ်လျှောက်သွားရင်း ကိုယ့်အတိတ်ကို ပြန်တွေးကာ မေ့မရ ဝမ်းနည်းသည်။

နာကျင်ခံစားရသည်။ ထိုဝေဒနာ ခံစားချက်တွေ စုပြုံကာ မိုက်မိုက်မဲမဲပြုမိတော့မလိုဖြစ်ခဲ့၏။

ကံကောင်းသည်ဟုပဲ ဆိုရမည်။ မထင်မှတ်ဘဲ ရောက်လာ သော သူ့ကြောင့် မေ့မရ အသိစိတ်တွေ ပုံမှန်ပြန်ဖြစ်သွားခဲ့တာ ဖြစ်၏။

မေ့မရနှင့်သက်တူရွယ်တူခန့်ပဲ ရှိမည့် ထိုလူချောမျက်နှာကို အခုတိုင် မှတ်မိနေဆဲ။ မျက်ခုံးထူထူ၊ နှာတံပေါ်ပေါ်နှင့် နုဖတ်ရှင်းသန့် သောမျက်နှာမှာ မှတ်ဆိတ်ပါးသိုင်းရာရေးရေးနှင့်မို့ ပိုလို့ ယောကျာ်းပီသ သူတစ်ယောက်။

မေ့အသက်ကို ကယ်တင်ကာ ကရုဏာဒေါသနှင့် ပြောသွား သည့်

စကားတွေက လေးနက်သည်။

မေ့တောင် သေရမှာကို သိပ်ကြောက်သွားခဲ့သည်။

''မေ့''

''ဟင် ဘာလဲ စုဝေ''

''ကြည့် အတူထိုင်နေရင်း စိတ်က အဝေးရောက်နေပြန်ပြီ''

''ဆောရီးဟာ ငါ အတွေးလွန်သွားလို့ပါ''

စုဝေ မေ့မရကို ခေါင်းလေးခါကာကြည့်ရင်း ပင့်သက်လေး ရှိုက်၏။

''မေ့ရယ် နင့်ကိုငါ စိုးရိမ်နေပြီ၊ နင့်စိတ်နဲ့ခန္ဓာ မကပ်သလိုဘဲ၊ နင် ငါ့ကို တစ်ခုခုပြောပါလား''

''ငါ ဘာပြောရမှာလဲ စုဝေ''

''နင့်ခံစားချက်တွေပေါ့၊ ဒါမှ နင် ခံစားချက်တွေ ပေါ့ပါးသွား မှာလေ''

စုဝေ မေးနေသည်။ မေ ပင့်သက်ရှိုက်ရင်း ရင်ထဲမှာ မောနုံး ချင်လာ၏။ အတိတ်ကို တွေးမိတိုင်း ဒီလိုပဲ ခံစားရတတ်စမြဲ။

''ငါ နင့်ကို ပြောခဲ့ပြီးပြီပဲဟာ''

''နင် ပြောတာလောက်ပဲ ငါ သိတယ်လေ၊ နင့်ညီမလေးနဲ့ နင့်အဖေအကြောင်း၊ ဒါလောက်ပဲ ငါသိတာ၊ ဒီထက် မွန်းကြပ်တဲ့ကိစ္စတွေ နင့်ရင်ထဲမှာ ရှိနေသေးတယ်လို့ ငါ ထင်တယ်''

စုဝေက မေ့မျက်နှာကို စေ့စေ့ကြည့်ရင်း မေးနေပြန်သည်။ မေ့ မပြောပေမယ့် စုဝေ ရိပ်မိနိုင်ပါသည်။

လေးငါးနှစ်လောက် အတူနေ အတူစား ရင်ဖွင့်ဖော်တွေ ဖြစ်ခဲ့ သည်ပဲ။ အခုလည်း မေ့ မပြောသေးလို့ စုဝေ ကျေနပ်ဟန်မတူ။

တကယ်ဆို ပြန်မတွေးချင်လို့ စုဝေကို ရင်မဖွင့်ဖြစ်ခဲ့တာပါ။ ဒါပေမဲ့ မပြောဖြစ်တော့လည်း ရင်ထဲမှာပဲ မွန်းကြပ်ကာ ထွက်ပေါက်မဲ့ ဝေဒနာတွေကြောင့် မိုက်မဲစွာပြုမိတော့မလိုအထိ ဖြစ်ခဲ့၏။

''မေ့ နင် ရင်ဖွင့်လိုက်နော်၊ ငါ နားထောင်ပေးမယ်''

မေ့ ပခုံးလေးကို ဆုပ်ကိုင်ကာ စုဝေ ပြောသည်။ အခုချိန်မှာ မေ့အတွက် အားကိုးရာသည် စုဝေရဲ့ အားပေးစကားတွေပဲလေ။

လက်ကျန်သံပုရာရည်ကို မော့သောက်လိုက်တော့ ရင်ထဲမှာ လန်းဆန်းသွားသလို ခံစားရသည်။ လျှာဖျားပေါ်မှာတော့ အရသာတွေက ခါးသီးလွန်းနေ၏။

စုဝေ သိချင်လွန်းနေသော မေ့ရဲ့အတိတ်တွေသည်လည်း ခါးသီးလွန်းခဲ့သည်ဆိုတာကို...။

*

''တကယ် တကယ် အဖေတစ်မျိုး၊ သမီးကတစ်မျိုး စိတ်ဒုက္ခ တွေပေးနေတာ မလွယ်ပါလား''

ကြားလိုက်ရသော စကားကြောင့် ကော်ဖီခွက်ကို လှမ်းကိုင်မလို ရွယ်မိသော မေ့လက်တွေ တွန့်ခနဲ ဖြစ်သွားသည်။

မေ့ စားဖို့အတွက် ပေါင်မုန့်ကြက်ဥကြော်ပန်းကန်ကို လာချပေး သော ဒေါ်စိန်ကပါ အသံကို နားစွင့်ရင်း မျက်နှာကိုတစ်ချက်မဲ့သည်။

''စောစောစီးစီး ဘာကိုစိတ်တိုင်းမကျ ဖြစ်နေတာလဲဟင် ဒေါ်စိန်''

''ထုံးစံအတိုင်းပေ့ါ မေ့လေးရယ်၊ ဆရာကြီးကိုဖြစ်မှာပေ့ါ''

''ဟင် ဖေဖေက ဘာဖြစ်လို့လဲ''

''ဆရာကြီးက ဆေးတိုက်တာ၊ ဆရာကြီးက မသောက်ဘူး ငြင်းနေလို့ ပေါက်ကွဲနေတာ သမီးရဲ့''

ဒေါ်စိန် လေသံခပ်အုပ်အုပ်နှင့် ပြောသည်။ ဖေဖေ့ကို ဒေါ်ကြေး မုံ ဒေါသထွက်နေတာဟု အခုမှပဲ သိတော့သည်။

ပင့်သက်မောကို ရှိုက်မိရင်း ဗိုက်ဆာချင်စိတ်လေးတွေတောင် ဘယ်ဆီရောက်ကုန်ပြီ မသိတော့ပါ။ မိထွေးက မိထွေးပီပီ အစွမ်းကုန် ဆိုးပြနေတာကိုတော့ မေ့ စိတ်ပျက်မိ၏။ တကယ်ဆို မေ့ဘက်က ထိပ် တိုက်မတိုးအောင် အမြဲတမ်း ရှောင်တိမ်းခဲ့တာပဲ ဖြစ်သည်။

ဒါ ကြောက်လို့တော့ မဟုတ်ပါ။ ဖခင်ဖြစ်သူ စိတ်ဆင်းရဲမှာ စိုးတာကြောင့် ဖြစ်၏။ မေ့စိတ်ထဲမှာ ဖေဖေ့ကို စာနာသနားသည်။

ဖေဖေသည်လည်း မိသားစုအရေးအတွက်လည်း သောကတွေ နှင့် စိတ်ဆင်းရဲနေခဲ့တာ မေ့ သိပါသည်။

မိသားစုရဲ့စားဝတ်နေရေးနှင့် စီးပွားရေးက အဆင်ပြေပြေမယ့် မိသားစုရဲ့အိမ်တွင်းရေးက မသာယာတော့ ဖေဖေ့ခမြာ နေ့စဉ်ရက်ဆက် အရက်ကိုပဲ အဖော်ပြုရင်း အရက်သမားကြီးလုံးလုံး ဖြစ်သွားခဲ့ရှာသည်။

''စားလေ မေ့လေးရဲ့၊ ပေါင်မုန့်ကြက်ဥကြော်ရပြီ''

ဒေါ်စိန်က ငိုင်ငိုင်လေးဖြစ်နေသော မေ့ကို ပြောသည်။ မေ့ နောက်ထပ် ပင့်သက်လေးရှိုက်ရင်း

''အင်း စားချင်စိတ်တောင် မရှိတော့ပါဘူး ဒေါ်စိန်ရယ်''

မေ့ ခံစားချက်ကို နားလည်သော ဒေါ်စိန် မေ့နံဘေးက ခုံမှာ ဝင်ထိုင်ရင်း စာနာသလိုကြည့်သည်။

''ဘာမှခေါင်းထဲမထားပါနဲ့ကွယ်၊ စားစရာရှိတာစား၊ သူ ပြော တာလည်း ဒီဘက်နားကထောင်ပြီး ဟိုဘက်နားက ထုတ်ပစ်လိုက်ပေါ့၊ ရင်ထဲသွားမထည့်နဲ့ ကိုယ်ပဲ စိတ်ညစ်ရမှာပေါ့''

ဒေါ်စိန် ဖြေသိမ့်သလိုပြောတာ နားလည်ပါသည်။ ကြားနေ မြင်နေ ခံစားနေရတာတွေကို ခေါင်းထဲမထည့်နဲ့ဆိုရအောင် မလွယ်တာ မေ့အသိဆုံး ဖြစ်သည်။ မခေါ်ချင်လို့သာရသည်။ မတော်ချင်လို့မှ မရတာ ဘဲလေ။

ဒေါ်စိန် စီစဉ်ပေးသော ပေါင်မုန့်ကြက်ဥကြော်ကို အရသာမဲ့စွာ ကော်ဖီအေးစက်စက်နှင့် မျှောချပစ်လိုက်သည်။

အိမ်ထဲမှာဆက်နေလျှင် ဒေါ်ကြေးမုံနှင့်ဖေဖေတို့ ရန်ဖြစ်သည့် စကားသံတွေ ကြားရဦးမည်။ ရန်ဖြစ်ကြသည်ဆိုပေမယ့် ဖေဖေ့ရဲ့အသံက တိုးတိုးနှင့် ဘာမှကြားနိုင်တာမဟုတ်ပါ။

ဒေါ်ကြေးမုံကသာ တစ်အိမ်လုံးကြားအောင် အော်တတ်တာ ဖြစ်သည်။ ပြီးတော့ အနှောင့်အသွားမလွတ် စကားတွေနှင့် မေ့ကိုလည်း မထိတရိ ရန်စကားဆိုမှာ သိနေသည်။

ထိုပြဿနာတွေက ကင်းချင်လို့ တတ်နိုင်သလောက် ရှောင်ကာ ကျောင်းနှင့်ကျူရှင်တွေသင်တန်းတွေမှာပဲ မေ့ အချိန်ကုန်စေခဲ့သည်။

အခုတော့ ကျောင်းလည်းပြီးလို့ အိမ်မှာနေနေရသည့်ကာလတွေကတော့ ရင်မဆိုင်ချင်ပါဘဲ ရင်ဆိုင်နေရမှာ ဖြစ်၏။

ဖတ်ချင်သည့် ဂျာနယ်တွေ စာအုပ်တွေယူခဲ့ကာ ခြံထဲက သစ် ရိပ်အောက်မှာရှိသော ခုံတန်းလေးဆီ မေ့မရ ထွက်ခဲ့သည်။

အားလုံးကိုမေ့ထားကာ စာအုပ်ထဲမှာ အာရုံစူးစိုက်ထားတုန်း

''မမမေ့''

အသံချိုချိုစာစာကလေးနှင့် အနားရောက်လာတာက နှင်းသက် မိုးဟု လှည့်မကြည့်ပါဘဲ သိသည်။

မေ့ ထိုင်နေသော ခုံတန်းလေးမှာ စွေ့ခနဲ ဝင်ထိုင်ခိုက် သင်း သင်းကလေးရှူရှိုက်မိသော ရေမွှေးရနံ့က ထုံသင်းနေခဲ့၏။ မေ့ လှည့် ကြည့်တော့ ဝတ်ဆင်ထားတာက ကိုယ်ကြပ်ချိုင်းပြတ်နီနီလေးကို အနက် ရောင် ဘောင်းဘီတိုလေးနှင့် တွဲဝတ်ဆင်ထားသည်။

နှင်းသက်မိုးရဲ့အသက်က အခုမှ တစ်ဆယ့်ခြောက်နှစ်တောင် မပြည့်သေးပါ။ လှချင်ပချင်သောစိတ်လေးနှင့် ပြင်ဆင်ထားတာက လိုတာ ထက် ပိုလွန်းသည်ဟုပဲ ပြောရမည်။

အိမ်နေရင်းတောင် မိတ်ကပ်တွေ လိမ်းခြယ်ထားသေး၏။ မျက်ခွံလေးတွေမှာလည်း အပြာနုနု ကာလာတွေတင်ထားသည်။

နှုတ်ခမ်းလေးကို မရမ်းရောင်ခြယ်ကာ အနားသပ်မျဉ်းက အရောင်ရင့်ရင့် ကွပ်ထားသေး၏။

''ဘာကြည့်နေတာလဲ မမမေ့ရဲ့''

''ဩော် ညီမလေး အလှတွေပြင်ထားလို့ ဘယ်သွားမလို့လဲ မေးမလို့ပါ''

သရီးစတက်ဆံပင်တိုလေး လှုပ်ရမ်းသွားအောင် နှင်းသက်မိုး ခေါင်းလေးခါရင်းပြုံးသည်။

''ဟင့်အင်း ဘယ်မှမသွားဘူး မမမေ့ရဲ့၊ ရေမိုးချိုးပြီးလို့ မနေ့ က ဝယ်လာတဲ့ အလှပြင်ပစ္စည်းတွေ အစမ်းသုံးကြည့်တာ အဟင်း မလှဘူးလားဟင်''

''အင်း ညီမလေးက လှပါတယ်၊ ဒါပေမဲ့ အပြင်သွားရင် ဒီ လို ဝတ်စားဆင်ယင်မသွားနဲ့နော်''

နှင်းသက်မိုးရဲ့ ဝတ်စားဆင်ယင်မှုက မေ့တောင် ကြည့်မြင်ရ တာ

မျက်စိရှက်ချင်စရာမို့ ပြောလိုက်မိခြင်း ဖြစ်သည်။ နှင်းသက်မိုးက တော့ အလိုမကျသလို မျက်ခုံးလေးတွေ စုကျုံ့သွားခဲ့ရင်း

''ဟင် ဘာလို့လဲ မမမေ့ရဲ့၊ မိုးက ဘာဖြစ်နေလို့လဲ''

မေးစရာမလိုအောင်ဘဲ သူမရဲ့ဝတ်စားဆင်ယင်မှုက အမြင်မတော်တာကို မေ့ ရှင်းမပြချင်ပါ။ ချိုင်းပြတ်အကျႌအကြပ်လေးက ထားဦး၊ အနက်ရောင် ဘောင်းဘီအကြပ်အတိုလေးက လုံးဝ အမြင်မတော်တာ အသေအချာ။

''ဩော် ညီမလေး ဒီလို ဝတ်စားသွားလာရင် ဘယ်လို အမြင်တင့်မှာလဲကွယ်၊ တွေ့တဲ့မြင်တဲ့ ယောကျ်ားလေးတွေက သတိထားပိုင်း ကြည့်နေမှာပေါ့''

''အဟင်း ဟင်း အဲဒါ မကောင်းဘူးလား မမမေ့ရဲ့''

''ဟင်''

''အဟင်း ဟင်း နောက်တာပါ၊ မိုးက အပြင်ထွက်ရင် ဒီထက် ပိုပြီး ပြင်ဆင်ရှိုင်းသွားမှာပေ့ါ၊ အခု မမမေ့ကို မိုး ပြောစရာရှိလို့''

ပြောရင်း စကားကိုရပ်ကာ မေ့ကို ပြုံးကြည့်နေတာမို့ မေ့ ဘာမှမမေးဘဲ ဆက်နားထောင်နေလိုက်သည်။

''မနက်ဖြန် မိုး သူငယ်ချင်းတစ်ယောက်ရဲ့မွေးနေ့ပွဲ သွားစရာ ရှိလို့ မမရဲ့ အဲဒါ''

ပြောရင်း လက်ညှိုးလေးတစ်ချောင်း ထောင်ပြလာတာမို့ မေ့ မျက်မှောင်လေးကုပ်ထားမိရင်း

''ဘာလဲ ညီမလေးရဲ့၊ အဲဒီ လက်ညှိုးက ဘာအဓိပ္ပာယ်လဲ''

''မမမေ့ကလည်း ထူလိုက်တာ၊ မွေးနေ့လက်ဆောင်ဝယ်ဖို့ မုန့်ဖိုးတစ်သောင်းလောက် ပေးပါလို့ ပြောတာ''

မေ့ မျက်လုံးလေးတွေ ဝိုင်းစက်သွားခဲ့သည်။ နှင်းသက်မိုးက အခုမှ ကိုးတန်းကျောင်းသူပဲရှိသေးသည်။ အမှန်ဆို ဆယ်တန်းတက်ရမှာ ပေမယ့် မနှစ်က ကိုးတန်းကျတာမို့ ပြန်တက်နေရတာ ဖြစ်သည်။

ဒီအရွယ်လေးနှင့် မွေးနေ့လက်ဆောင်အတွက် တောင်းတာ တစ်သောင်းဆိုတော့ မေ့မရ အံ့ဩမိ၏။

''တစ်သောင်းတောင် ဘာလုပ်ဖို့လဲ ညီမလေးရာ၊ ညီမလေးက အခုမှ ကိုးတန်းပဲရှိသေးတာ ဒီလောက်တောင်းတာ များတာပေါ့''

''ဟင် မမမေ့ကလည်း ငွေလေးတစ်သောင်း ဘာလုပ်လို့ရမှာ လဲ၊ မွေးနေ့ရှင်က ဘယ်သူထင်လို့လဲ၊ မိုးတို့ကျောင်းမှာ ပေါ်ပြူလာအဖြစ် ဆုံး ကောင်လေးလေ၊ နာမည်က ကျော်ခမင်းဒင် တဲ့၊ အဟင်း ရူပါက ဘာဖြူးသလဲမမေးနဲ့၊ သူ့မိဘတွေကလည်း ဂရိတ်တွေပဲ၊ မိုးက မှတ်မှတ် ရရဖြစ်အောင် လက်ဆောင်ပေးချင်တာ မမမေ့ရဲ့''

နှင်းသက်မိုး စကားတွေကို နားထောင်ရင်း မေ့ အတော်လေး စိတ်ပျက်မိသည်။ မိုး အရွယ်လေးနှင့် စိတ်အာရုံဝင်စားနေသည့် အရာ တွေက မဟုတ်သေးဟု ထင်သည်။

''ညီမလေး ညီမလေးက ပညာရေးကို ဂရုစိုက်ကြိုးစားရမှာနော်၊ မနှစ်က စာမေးပွဲကျထားတော့ ဒီနှစ်အောင်မှဖြစ်မှာ၊ ကျန်တာတွေ ခေါင်းထဲမထားနဲ့''

''အာ မမမေ့ကလည်း ဒါတွေပဲ ပြောနေတာပဲ''

မျက်နှာလေးက အလိုမကျသလို ချက်ချင်း စူပုပ်သွားရင်း ပက်ခနဲ ပြန်ပြောသည့်လေသံမှာ မကျေနပ်ရိပ်တွေ အထင်းသား။

''မမက ညီမလေးအတွက်ပြောတာ''

''အဲဒါတွေထားပါ၊ အခု ညီမလေး တောင်းတာ မမမေ့ ပေး မှာလား

ပြော''

အနိုင်ယူသလို မျက်နှာလေး စူပုပ်မာတင်းကာ ပြောပုံကို မြင် တော့ ဒေါ်ကြေးမုံ မျက်နှာကို မေ့ ပြေးမြင်မိသည်။ ဒီကောင်မလေးရဲ့ ပုံစံအသွင်စရိုက်တွေက မိခင်နှင့်ထပ်တူပါလား။

ဒါပေမဲ့ မေ့စိတ်က ဖေဖေနှင့်ပတ်သက်နေသော ဖေဖေ့သွေး သားဆိုသောအသိနှင့် စိတ်ကိုလျှော့ချပစ်မိရင်း

''ကဲပါ မမမေ့ ပေးပါမယ်၊ မမက ညီမလေးအတွက် ပြောပြ တာကို နားထောင်နော်၊ ငွေကိုလည်း အရမ်းမသုံးရဘူးကွယ့်နော်''

''အင်းပါ ငွေလေးတစ်သောင်း တောင်းတာကို မမမေ့ကလည်း ဩဝါဒတွေခြွေလို့ မဆုံးတော့ဘူး၊ တော်ပြီ နောက်တစ်ခါကျ ဘယ်တော့မှ မတောင်းတော့ဘူး သိလား''

''ခြွေတာသုံးတတ်ဖို့ ပြောတာပါကွယ်၊ ညီမလေးက လိမ်မာပါ တယ်''

''ဟင့်အင်း မလိမ္မာနိုင်ပါဘူးနော်၊ တောင်းတာ မပေးရင် မတောင်းတော့ဘဲ မသိအောင် ခိုးယူသုံးမယ်''

''ဟယ် ကြည့်စမ်း''

မေ့ ဘာမှမပြောနိုင်ခင် မျက်နှာလေး ပြောင်စပ်စပ်လုပ်ပြပြီး အနားက ထွက်ပြေးသွားခဲ့သည်။

ဆိုးမှန်းမသိ ဆိုးတာမဟုတ်ပါဘဲ သိသိကြီးနှင့်ဆိုးနေတာကို လည်း သိထားသည်။ ဒါပေမဲ့လည်း ဆိုးတာလေးကိုပဲ မေ့မရက အပြစ် မမြင်ရက်တော့လည်း...။

မလွယ်ပါလား ညီမလေးရယ်။ မမ ရင်မောလိုက်တာ။

*

# အခန်း (၃)

''တီ တီ တီ''

အိမ်ရှေ့ဆင်ဝင်အောက်က ကြားလိုက်ရသော ကားဟွန်းသံ သုံးချက်ကြောင့် မေ့ကော နှင်းသက်မိုးပါ ခေါင်းလေးတွေ ထောင်သွား ကြသည်။

''ဘယ်သူလဲ မသိဘူး''

''ဘယ်သူရမလဲ မမမေ့ရဲ့ ကိုကိုရှားပဲ ဖြစ်မှာပေ့ါ''

ပြောရင်း အရင်ဆုံး ထရပ်သူက နှင်းသက်မိုး ဖြစ်သည်။မေ့ ခေါင်းလေးမော့ကာကြည့်တော့ ဝတ်ထားသော ဂါဝန်လေး ကို ဆွဲဆန့်ရင်း နဖူးပေါ် ဝဲကျနေသော ဆံနွယ်တွေကို တစ်ချက်သပ် တင်သည်။

ပြီးတော့ သုတ်ခနဲ အခန်းထဲက ခပ်သုတ်သုတ်လေး ပြေးထွက် ကြိုဖို့သွားလေသည်။

အခန်းဝမှာ ရပ်နေသော ဒေါ်စိန်တောင် နှင်းသက်မိုးကို ခန္ဓာ ကိုယ်ကိုရို့ကာ ရှောင်ပေးလိုက်ရသေးသည်။

''ဟင်း မလွယ်ပါလား''

''ဘာကိုပြောတာလဲဟင် ဒေါ်စိန်''

''မိုးလေးကိုပြောနေတာ သမီး၊ ဒီကောင်မလေး စိတ်ဓာတ်က အဖြူထည်မဟုတ်တော့ဘူးထင်တယ်''

ဒေါ်စိန် မှတ်ချက်စကားကြောင့် မေ့ မျက်တောင်ရှည်ကြီးတွေ ပုတ်ခတ်မော့ကြည့်ရင်း

''ဘာဖြစ်လို့လဲဟင် ဒေါ်စိန်၊ ညီမလေး ဘာတွေဖြစ်နေလို့လဲ''

''သမီးလေး သတိမထားမိဘူးလားကွယ်၊ မိုးလေးက မောင် ထင်ရှားကို

လိုတာထက်ပိုပြီးတွယ်တာနေတာ၊ အခုပဲကြည့် မောင်ထင်ရှား လာပြီဆိုတာနဲ့ သမီးထက်တောင် အကဲပိုနေတာ၊ မောင်ထင်ရှားကိုလည်း ဟိုဟာပူဆာ ဒီဟာပူဆာရတာနဲ့ သိပ်မဟုတ်သေးဘူး''

ဒေါ်စိန် စကားကို မေ့ ပြုံးပြုံးလေး နားထောင်နေရင်း ခေါင်းကို ခါမိသည်။

''ဒါကတော့ ဒေါ်စိန်ရယ်၊ ညီမလေးမှာက အစ်ကိုမရှိတော့ ရှားကိုပဲ အစ်ကိုတစ်ယောက်လို ခင်တွယ်နေတာပါ၊ ဟိုစိတ်ဒီစိတ်တွေ မရှိပါဘူး၊ မိုးလေးက ကလေးပဲရှိသေးတာကို''

မေ့နှုတ်က ထိုစကားတွေ ထွက်လာတော့ ဒေါ်စိန် နှုတ်ဆိတ်သွားခဲ့သည်။ မေ့ ထိုင်နေရာက ထရပ်လိုက်ရင်း

''ဒေါ်စိန် ရှားအတွက် တစ်ခုခု စီစဉ်ခဲ့ပါဦးနော်''

ဒေါ်စိန်ကိုမှာပြီး မေ့ အခန်းထဲက ထွက်ခဲ့သည်။ ဧည့်ခန်းထဲ ရောက်တော့ ညီမလေးမိုးက ထင်ရှား လက်မောင်းကို ဆုပ်ကိုင်တွဲခေါ် လာရင်း မျက်နှာလေးက ပြုံးရွှင်လို့။

''ကိုကိုရှား မလာတာ သုံးရက်တောင် ရှိပြီနော်၊ တကယ်နေ နိုင်တယ်၊ ပြောစမ်း ပြောစမ်း ဘယ်မှာ ခြေတွေရှုပ်နေတာလဲ''

''အပွန်း မဟုတ်တာ မိုးလေးရယ်၊ အလုပ်ကိစ္စတွေနဲ့ ရှုပ်ထွေး နေလို့ပါကွ''

''ဒီနေ့ ကိုကိုရှားလာမယ်ဆိုတာ မိုးက သိပြီးသား သိလား''

''ဟုတ်လား မေ့ ပြောလို့လား''

''ဟင့်အင်း ညတုန်းက မိုး အိပ်မက်မက်တာ''

မိုး စကားကြောင့် ထင်ရှား မျက်မှောင်ကြီးကုပ်သွားခဲ့သည်။

မျက်ဝန်းတွေက ဧည့်ခန်းထဲ ထွက်မလာသော မေ့မရကို မြင်တော့မှ

''မေ့ ဒီနေ့ ဘယ်မှမသွားဘူးနော်''

''ဟင့်အင်း ဘယ်မှမသွားပါဘူး ရှားရဲ့၊ ထိုင်လေ''

''ကိုယ်က မိုးလေးပဲထွက်ကြိုတော့ မေ့ အိမ်မှာမရှိဘူးထင်နေ တာ၊ မေ့က ကိုယ့်ကိုတောင် ထွက်မကြိုဘူးပေါ့ ရပါတယ်''

ထင်ရှား မကျေမနပ်လေး အပြစ်ဆိုရင်း ဆိုဖာထိုင်ခုံမှာ ဝင် ထိုင်သည်။ မေ့လည်း မျက်နှာချင်းဆိုင် ထိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။

မိုးလေးက ထင်ရှားနံဘေးမှာ ပူးပူးကပ်ကပ် ထိုင်လိုက်တာ ကြောင့် မေ့ မျက်မှောင်လေး တွန့်သွားမိ၏။

မိုးလေးရဲ့အနေအထိုင် မတတ်ပုံလေးတွေကြောင့် ဒေါ်စိန်က တော့ ထင်မြင်ချက်တွေပေးနေတာ ဆန်းတော့ မဆန်းဟု ထင်သည်။

ထိုအချိန်မှာပဲ ဒေါ်စိန် ကော်ဖီဘန်းလေးကိုင်ကာ လှမ်းဝင်လာ တော့ မိုးလေးက ခပ်သွက်သွက်လေး ထလှမ်းယူရင်း

''ကိုကိုရှား အမောပြေလေး သောက်ဦးနော်၊ မုန့်တွေလည်း စား၊ ထမင်းစားပြီးမှ ပြန်နော်၊ ကိုကိုရှား''

ထင်ရှား ခေါင်းညိတ်ပြရင်း မေ့ကို လှမ်းကြည့်ပြီး ခေါ်သည်။

''မေ့''

''ဟင် ဘာလဲ ရှား''

''စကားပြန်တောင် မလာတော့ပါလား၊ ဘာဖြစ်နေတာလဲကွာ''

''ဘာမှမဖြစ်ပါဘူး ရှားရယ်၊ မေ့ နေမကောင်းချင်သလို ဖြစ် နေလို့ လူက နွမ်းချင်သလို ဖြစ်နေတာပါ''

''ဟင် ဟုတ်လား နေမကောင်းတာကို စောစောမပြောဘူး၊ ကိုယ် အမြန်ဆုံး ပြေးလာမှာပေါ့''

ထင်ရှား စကားကို နံဘေးက နှင်းသက်မိုး မျက်နှာလေးရှုံ့မဲ့ ကာ လှောင်သလိုကြည့်ရင်း

''ကိုကိုရှားကတော့ တကယ်ပိုတယ်၊ ရွှေတောင်ကြားနဲ့ ဒီနေရာ ကို ဘယ်လိုလုပ်ပြေးလာလို့ရမှာလဲ၊ ကားနဲ့လာမယ်ဆို ဟုတ်သေးတယ်''

မိုးလေးစကားကြောင့် ထင်ရှား မျက်နှာပျက်သွားသည်။ ထင် ရှား အတည်ပြောသမျှ နှင်းသက်မိုး အနားက ဝင်နှောက်နေမှာကို သိ နေတော့ နှုတ်ဆိတ်သွား၏။ ဒါကိုပဲ နှင်းသက်မိုးက ထင်ရှား လက်မောင်း ကို ဆွဲကိုင်လှုပ်ရမ်းရင်း

''ကိုကိုရှား''

''ပြော''

ထင်ရှားရဲ့ မကျေမနပ် ထူးပုံကြီးက ဘောက်ဆတ်ဆတ် အသံ ပေါက်နေ၏။ မေ့ သူတို့နှစ်ဦးကိုကြည့်ကာ ပြုံးမိ၏။

''နေမကောင်းဖြစ်နေတယ်ဆိုတာနဲ့ အိမ်ကို ချောင်းပေါက် အောင် လာတော့မှာ မဟုတ်လား''

''မလာပါဘူး''

''အံမယ် တကယ် မလာဘဲ နေနိုင်လို့လား''

''နေတော့ မနေနိုင်ဘူး၊ ဒါပေမဲ့ နေရာတကာ ဝင်နှောက်နေတဲ့ ညည်းလေးကြောင့် မလာချင်တာ''

ထင်ရှားက မကျေနပ်ချက်ကို ပြောင်ပြောတော့ မိုးလေး မျက် နှာလေး ညိုညစ်စူပုပ်သွားသည်။ ဒါပေမဲ့ ထင်ရှားက မသိကျိုးကျွံပြုရင်း မေ့ကိုပဲ

လှမ်းကြည့်ကာ

''မေ့''

မေ့ ပြုံးပြုံးလေး မေးလေးဆတ်ပြတော့ ထင်ရှားမျက်နှာကြီး ပိုသုန်မှုန်သွားခဲ့ရင်း

''ဟာကွာ မေ့ပုံစံကြီးကလည်း အသက်မဲ့လိုက်တာ''

ထင်ရှား ပြောချင်လည်း ပြောစေတော့။ အမှန်ဆိုလျှင် မေ့ မရ နေတတ်တာက ဒီအတိုင်းပဲဖြစ်သည်။ ဖေဖေက ထင်ရှားနှင့် သဘော တူထားသည်ဆိုပေမယ့် မေ့ စိတ်ထဲမှာ ထင်ရှားကို မိတ်ဆွေသူငယ်ချင်း တစ်ယောက်ထက် ပိုခင်တွယ်လို့မရတာ အမှန်။

''မေ့ နေမကောင်းဘူးဆိုရင် ဆေးခန်းသွားမလား''

''ဟင့်အင်း မနေ့ကပဲ မိသားစု ဆရာဝန် ဒေါက်တာ နိုင်လင်း လာကြည့်ပြီးသွားပါပြီ ရှားရဲ့''

''ဒါဆို သက်သာသွားပြီပေါ့''

''အင်း သက်သာပါတယ်၊ ဆေးသောက်ထားရတော့ လူက နုံးနေတာပါ၊ တခြား ဘာမှမဖြစ်ပါဘူး''

ထင်ရှား ခေါင်းညိတ်ကာ အခုချိန်အထိ အနားမှာ ကပ်နေဆဲ နှင်းသက်မိုးဘက် လှည့်ကြည့်ရင်း

''မိုးလေး တစ်ခုကူညီကွာ''

''ဘာလဲ ကိုကိုရှားရဲ့ ဘာကူညီရမှာလဲ''

''မေ့လေးအတွက် ကြေးအိုး သွားဝယ်ပေးကွာ၊ မိုးလေးလည်း စားချင်တာ ဝယ်ခဲ့ ဟုတ်လား''

အနားမှာ အရိပ်လိုရှိနေသော မိုးလေးကို ထင်ရှား အဝေးကို ပထုတ်နေခြင်းဆိုတာ မိုးလေးကလည်း သိနေတာမို့

''ကိုကိုရှားနော်၊ မိုးလေးကို အနားမှာ မရှိစေချင်လို့ ပထုတ်နေ တာလား၊ မရဘူးနော် လုံးဝမသွားဘူး''

''မိုးလေးက တကယ့်ဂျစ်ပဲ၊ ကဲ မဝယ်ချင်လည်းနေတော့ မေ့ လာကွာ ကိုယ်တို့ ခြံထဲမှာ စကားခဏပြောရအောင်''

''ဒီမှာပြောလည်း ရရဲ့သားနဲ့ရှားရယ်''

''လာပါ မေ့ရာ၊ လမ်းလျှောက်ရင်း စကားပြောချင်လို့ပါ''

မေ့ဆီ လျှောက်လာကာ ထင်ရှားက လက်ဆွဲခေါ်နေတော့ မေ့မှာ ငြင်းရခက်ခက်ဖြစ်နေ၏။

''ဟွန်း ရတယ် ရတယ် မခေါ်ချင်လည်း ရတယ်''

နှင်းသက်မိုး မကျေမနပ် ထရပ်ကာ ခြေဆောင့်ထွက်သွားခဲ့ သည်။ မိုးလေး စိတ်ဆိုးသွားတော့ မေ့ စိတ်မကောင်းတာ အမှန်။

''ရှားရယ် ညီမလေး စိတ်ဆိုးသွားပြီ''

''ဆိုး ဆိုးကွာ၊ ဒီကောင်မလေးက တကယ့်အနှောင့်လေး''

''ဒီလို မပြောပါနဲ့၊ မိုးလေးက ရှားကို အစ်ကိုရင်းလို ခင်မင် တာပါ''

''မေ့ရာ ဒီကောင်မလေးက မေ့ညီမဆိုပေမယ့် အဖေတူ အမေ ကွဲပါကွာ၊ ပြောရရင် မေ့နဲ့လုံးဝစရိုက်ချင်းက တခြားစီပဲ၊ ကဲ လာပါ ကိုယ်တို့ စကားပြောရအောင်''

မေ့လက်ကိုဆွဲကာ ခြံထဲခေါ်နေတော့ မေ့ မငြင်းနိုင်ဘဲ လိုက်ခဲ့ ရ၏။ မိုးလေးအပေါ်မှာ ရှားရဲ့ သတ်မှတ်ချက်ကြီးအတွက်တော့ မေ့ ရင်ထဲမှာ

ဘဝင်မကျနိုင်တာ အမှန်ပဲဖြစ်သည်။

ရှားပြောသလို မိုးလေးနှင့်မေ့က ညီအစ်မရင်းချာတွေ မဟုတ်ဆိုသည့်တိုင် ဒီအဖေက မွေးသည့် ညီမတွေပဲလေ။

ဖေဖေ့ရဲ့သွေးပါနေမှတော့ ရှား ဒီလိုမပြောသင့်ဟု ထင်သည်။

ခက်သည်က နှင်းသက်မိုးကလည်း အနေအထိုင် မတတ်တော့ ခက်ပါသည်။ ကြားထဲက ရင်မောပင့်သက်ရှိုက်မိရတာ မေ့ ပါပဲ။

*

''အင်း မိမေ့က ဘာတွေအခြေကြီးနေသလဲမှမသိတာ၊ မောင် ထင်ရှားကိုသူက ခပ်စိမ်းစိမ်းနေနေတာလေ''

မာမီ့စကားကြောင့် မိုး ရင်ထဲက မကျေနပ်စိတ်လေးတွေ လွင့် ပျယ်ကာစိတ်ဝင်စားသွားမိသည်။

''မမမေ့က ကိုကိုရှားကို ခပ်စိမ်းစိမ်းနေတယ် ဟုတ်လား၊ ကိုကိုရှားလောက် အရာရာပြည့်စုံတဲ့သူကို မမမေ့က ဘာလို့ စိမ်းပြနေ တာလဲ''

''ဒါတော့ ဘယ်သိမှာလဲ သမီးရဲ့၊ တစ်ချိန်ကျရင် လက်ထပ်ရမယ့်သူဆိုတာ သိလို့ အခုကတည်းက အနိုင်ယူထားတာ ဖြစ်ချင်ဖြစ်မှာ ပေါ့''

မာမီဆိုတော့ မိုးလေး ရင်ထဲမှာ နင့်ခနဲ ခံစားလိုက်ရသေး သည်။ မမမေ့နှင့်ကိုကိုရှားကို မမမေ့အဖေက စေ့စပ်ထားတာတော့ သိပါသည်။

''မာမီ''

''ဘာလဲ သမီး''

''မာမီ့ကို သမီး မေးစရာရှိလို့''

''ကဲ မေး ဘာမေးမှာလဲ၊ ဒီမှာ မာမီစိတ်ရှုပ်နေရတဲ့အထဲ''

မာမီ ဘာတွေစိတ်ရှုပ်နေသလဲဆိုတာ မိုးလေး မသိပါ။ အခု လောလောဆယ်မှာတော့ မိုးလေးလည်း စိတ်တွေရှုပ်နေတာပါပဲ။ အထူး သဖြင့် ကိုကိုရှားရဲ့ အလေးမထားမှုကြောင့်ပါပဲ။

''သမီး ဘာမေးချင်တာလဲ''

''ဟိုလေ ဒယ်ဒီက ကိုကိုရှားနဲ့ မမမေ့ကို ဘယ်အချိန်ကတည်း က စေ့စပ်ပေးထားတာလဲဟင်''

''အမလေး ဒါလား သူများကြားရင်တောင် ရယ်စရာကောင်း သေးတယ်၊ သူတို့ ကလေးဘဝကတည်းက လူကြီးချင်း သဘောတူထား ကြတာတဲ့၊ ဟွန်း ကိုသက်မိုးထင်တို့က ဒါမျိုးကျတော့ အမြော်အမြင် အရမ်းကြီးတာ၊ သူ့သမီးအရွယ်တောင် မရောက်သေးဘူး၊ ယူဖို့ယောကျ်ား က အသင့်လေ''

မာမီ မကျေမနပ် ပြောနေတာ နားထောင်ရင်း မိုးလေး ရင်ထဲ မှာ မနာလို ဝန်တိုစိတ်တွေက ကြီးချင်လာသည်။

''မမမေ့ကျတော့ ကံကောင်းလိုက်တာ မာမီရယ်၊ ကိုကိုရှားလို အဘက်ဘက်က ပြည့်စုံတဲ့သူကို တကူးတက ရှာစရာမလိုဘဲ ရထားတယ်၊ သမီးကျတော့ အဲဒီလို ပြည့်စုံတဲ့ယောကျ်ားတောင် ရှာလို့တွေ့နိုင်ပါ့မလား''

ရင်ထဲက မကျေနပ်စိတ်တွေကို မိုးလေး နှုတ်က ပေါက်ကွဲ ထွက်မိတော့ မာမီ မျက်လုံးတွေပြူးကာ ကြည့်ရင်း

''ဟင် သမီးလေးက အခုမှ ငယ်သေးတာကို ဒီလိုစိတ်တွေ ထားနေပြီလား''

''အာ မာမီကလည်း သမီးက သဘောပြောတာပါ၊ အဟင်း မမမေ့ကို

အားကျလို့ပါ''

မာမီ့အကြည့်တွေက မိုးလေး ခန္ဓာကိုယ်ကို ခြေဖျားခေါင်းဆုံး အကဲခတ်ကြည့်သည်။ ပြီးမှ လွန်္ခန်ခနဲ ပြုံးရင်း

''အင်း မာမီ့သမီးက ဒီနှစ်မှာ တော်တော်လေး ထွားလာတာပဲ နော်၊ မေ့မရကိုတောင် မှီတော့မှာပဲ''

''အပြင်း မာမီကလည်း''

မိုးလေး ရှက်ပြုံးလေးပြုံးရင်း မာမီ့ရင်ခွင်ထဲ တိုးဝင်လိုက်တော့ မာမီက ဆံနွယ်လေးတွေ ပွတ်သပ်ပေးရင်း

''အင်း မာမီ့သမီးလေး အနာဂတ်အတွက် အချိန်တန်ရင် ထိုက်သင့်တဲ့ယောကျ်ားတစ်ယောက် မာမီ ရှာပေးမှာပေါ့ကွယ်''

မာမီ့ရဲ့ အလိုလိုက်ချစ်ခင်မှုတွေကို မိုးလေး အပြည့်အဝ ပိုင်ဆိုင်ရရှိခဲ့ဖူးတာ ကိုယ်တိုင်ပဲ အသိဆုံးဖြစ်သည်။

တကယ်ဆို မာမီသည် မမမေ့ထက် မိုးလေးကို ပိုမိုချစ်ခဲ့သူ ဆိုတာ မာမီ့ရဲ့ဆက်ဆံမှုတွေက အထင်အရှားဖြစ်၏။

မေ့မရနှင့် မိုးလေးက အဖေတူပေမယ့် အမေကွဲညီအစ်မတွေဟု မိုးလေး သိတတ်စအရွယ်မှာကတည်းက သိခွင့်ရခဲ့သည်။

မာမီက မမမေ့ကို သိပ်သံယောဇဉ်မရှိပေမယ့် မမမေ့ကတော့ မိုးလေးကို ချစ်ခင်တာတော့ မိုးလေး အသိပဲဖြစ်၏။ မိုးလေး စိတ်အထင် မမမေ့သည် ဒယ်ဒီ့ထက်တောင် မိုးလေးကို ချစ်ခင်သံယောဇဉ်ကြီး၏။

မာမီ့အပေါ်မှာတော့ မိထွေးဆိုသည့်အသိနှင့် ပြီးတော့ မာမီ့ဘက်ကလည်း သံယောဇဉ်နည်းပါးမှုကြောင့် သိပ်မခင်တွယ်ပါ။

မိုးလေးကတော့ အားလုံးထဲမှာ မာမီ့ကို သံယောဇဉ်အကြီးဆုံး ပါပဲ။

မမမေ့ကိုတော့ ကိုယ့်အပေါ်မှာ ကောင်းတာမို့ ခင်မင်သည်။ ဒါပေမဲ့ အခုလို ကိုကိုရှားနှင့် ပတ်သက်လာတော့ မမမေ့ကို ဝန်တိုချင် သည်။ ဒယ်ဒီ့ကိုလည်း စိတ်နာချင်သည်။

ကိုကိုရှားကိုသာ မိုးလေးနှင့် စေ့စပ်ပေးထားလျှင် ဘယ်လောက် ကောင်းမည်လဲ။

အခုတော့ မမမေ့နှင့်ကိုကိုရှားကိုကြည့်ကာ သူမရင်ထဲမှာ နာကျင်ခံစားနေရသည့်အဖြစ်က အချစ်ကြောင့်ဟုဆိုလျှင်...။

ကိုကိုရှားကို မိုးလေး ချစ်နေမိပြီထင်ပါသည်။

*